## ဂျမေးကားလ် မှ အစ္စလာမ် သာသနာ



ဂျမေးကားလ် နိုင်ငံသည် ဟေတီကျွန်းနှင့် ကျူးဘားကျွန်းမကြီး၏ အနောက်ဘက်တွင် တည်ရှိသော သီးခြားကျွန်းနိုင်ငံ တစ်ခု ဖြစ်သည်။



ထိုဂျမေးကားလ် ကျွန်းနိုင်ငံတွင် ခန့်မှန်းခြေ အစ္စလာမ် သာသနာဝင် ၂၀၀၀ နှင့် ၅၀၀၀ ကြားတွင် ရှိသည်ဟု ဆိုသည်။ သို့သော် ထိုနိုင်ငံတွင် တည်ရှိနေသော အစ္စလာမ် အဖွဲ့အစည်းများ၊ ဝတ်ကျောင်းတော်များ၏ အရေအတွက်အရ - ခန့်မှန်းထားသည့် လူဦးရေထက် မြောက်များစွာ ပိုမိုမည်ဟု ပညာရှင်များက ခန့်မှန်းကြပေသည်။

ဂျမေးကားလ်နိုင်ငံတွင် အစ္စလာမ် အဖွဲ့အစည်းများ၊ ဝတ်ကျောင်းတော်များ များစွာရှိ၍-၎င်းတို့ အနက်- အစ္စလာမ့်ပညာရေး၊ ဆွလားသ်ဝတ်ပြုမှုနှင့် အစ္စလာမ့်သာသနာသို့ သက်ဝင်ယုံကြည်လာသူများအား သက်သေပြုလက်ခံပေးနေသည့် ကိန်းစတန်မြို့တွင် တည်ရှိသော ဂျမေးကားလ် အစ္စလာမ် ကောင်စီ၊ အစ္စလာမ့် ပညာရေးနှင့် သာသနာဖိတ်ခေါ်မှု အဖွဲ့များလည်း ပါဝင်ပေသည်။
ထို့ပြင်- မင်ဒီဗေးလ်မြို့မှ မစ္စဂျေဒ္ဒေ အာလ်ဟာ့က်(သစ္စာဓမ္မ ဝတ်ကျောင်းတော်)။ နီဂေးလ်မြို့မှ မစ္စဂျေဒ္ဒေ အလ်အိဟ်ဆန် (ဖြူစင်သန့်ရှင်းသည့် သီလဝန္တ) ဝတ်ကျောင်းတော်၊ အိုချို ရီယိုစ် မြို့မှ မစ္စဂျေဒီ ဟီက္ကမာတ် (တရားဓမ္မသတ် ဝတ်ကျောင်းတော်) နှင့် စိန့်မေရီမြို့မှ ဖော့တ်မာရီယာ အစ္စလာမ် ဗဟိုဌာ တို့သည်လည်း ထင်ရှားလေသည်။
ဂျမေးကားလ် ရှိမူဆလင်များ၏ နောက်ခံသမိုင်းမှာ အာဖရိက အနောက်ပိုင်းမှ ဖြစ်၍ ကျွန်ကုန်သည်များအား ရောင်းစားခံရကာ ဂျမေးကားလ်သို့ သင်္ဘောများနှင့် ပို့ခဲ့ခြင်း ဖြစ်သည်။ သူတို့၏ အစ္စလာမ့် ဂုဏ်ရည်များ၊ ဓလေ့များကို ပျောက်ဆုံးစေရန် နစ်ရှည်လများ အဓမ္မပြုခြင်း ခံခဲ့ရလေသည်။ သို့သော် ကျေးကျွန်ဘဝဖြင့် လယ်ယာစိုက်ခင်းများတွင် လုပ်ကိုင်ပေးနေရစဉ်ပင် အစ္စလာမ့် နိုင်ငံများ ဖြစ်သော မန်ဒင်ကာ၊ ဖူလာ၊ ဆူဆူ၊ အာ့ဆ်ရှမ်တီနှင့် ဟွာဆာ နိုင်ငံများမှ ပါလာသော အာဖရိက၏ မုအ်မေနူးန် ဟုခေါ်သည့် မျိုးနွယ်မှ ဆင်းသက်လာသူများသည် သူတို့၏ အစ္စလာမ် သိက္ခာကို ထိန်းသိမ်းထားခဲ့လေသည်။
ကျွန်စနစ် ဖျက်သိမ်းပြီးချိန်တွင် များစွာသော ကျေးကျွန်များ၏ မူလ သက်ဝင်ယုံကြည်များသည် မေးမှန်ပျောက်ကွယ်ပြီးဖြစ်၍ ကျွန်ပိုင်ရှင်များ၏ ဘာသာအယူသို့ ကူးပြောင်းပြီးဖြစ်သွားခဲ့သည်။ ၁၈၄၅ မှ ၁၉၁၇ အတွင်း ဂျမေးကားလ်သို့ ရောက်ရှိလာသော အိန္ဒိယမှ အလုပ်ငှားအဖြစ် ရောက်ရှိလာသော လူဦးရေ ၃၇၀၀၀ ၏ ၁၆ ရာနှုန်းသည် မူဆလင်များ ဖြစ်ခဲ့သည်။ ၁၉၁၅ တွင် ဂျမေးကားလ်သို့ ရောက်ရှိလာသော အသက် ၁၅ နှစ်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အရွယ် မုဟမ္မဒ် ခန်းသည် ၁၉၅၇ ခုနှစ်တွင် စပင်းနစ် မြို့၌ မစ္စဂျေဒွေ အရ်ဟာမန် (ကရုဏာ ဝတ်ကျောင်းတော်) ကို တည်ဆောက်ခဲ့သည်။ အလားတူပင် မုဟမ္မဒ် ဂူလာ့ဗ်က ဝက်စ်မိုလန်တွင် မစ္စဂျေဒွေ ဟူစိန် (ဟူစိန်မည်သော ဝတ်ကျောင်းတော်) ကို တည်ဆောက်ခဲ့သည်။ သူသည် အသက် ၇ နှစ်အရွယ်၌ သူ့ဖခင်နှင့်အတူ ပြောင်းရွှေ့လာသူ ဖြစ်သည်။ ထို အလုပ်ငှားစာချုပ်ဖြင့် ရောက်ရှိလာသော မူဆလင်များသည် ၁၉၆၀ တွင် ဂျမေးကာလ်တွင် အခြားသော ဝတ်ကျောင်းတော် ၈ ဆောင်ကိုလည်း ပနက်ရိုက်-အုတ်မြစ်ချခဲ့သည်။ ထိုကျွန်းနိုင်ငံတွင် မူဆလင်များအနက် အများဆုံး လူဦးရေမှာ ထို အန္ဒိယမျိုးနွယ်မှ ဖြစ်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com